တို့တွေဝေးသွားတဲ့အခါ

မိုးလေဖွဲတုန်း  ငါသီချင်းရေးခဲ့ပါတယ်.. သံစဉ်မဲ့စာသားတွေနဲ့ရောထွေးပြီး.....
အတွေးကမ္ဘာထဲမှာ ငါလွင့်မျောခဲ့တယ်..... သူရဲ့ပုံရိပ်တွေကို    ငါသက်ဝင်ခံစားရင်း
ငါမရှုးသေးခင်အထိပေါ့....

ငါရဲ့အသိတရားတွေထဲ သံမှိုအရိုက်ခံထားရတဲ့ သူရဲ့အကျင့် ၊သူရဲ့သတင်းပြီး
တော့.... သူနဲ့ပတ်သက်ပြီး တန်ဖိုးမဲ့နေတဲ့ ငါ့ရဲ့မေတ္တာ..... ခါးသီးတဲ့စကားလုံးတွေကို
ရံဖန်ရံခါကြားရတဲ့အချိန်.. ငါဟာနစ်မျောစွာ တိမ်တိုက်ထဲ လွင့်မျောသွားခဲ့ပြီ....ဒဏ်ရာ
တွေ  အထပ်ထပ်ရထားပြီးသား  ငါနလုံးသားဟာ ရှေ့တန်းစစ်မျက်နှာကို ထွက်သွားရ
အုံးမှာလား.....။

ညဥ့်လဲနက်လှပါပြီ...... သန်းခေါင်ယံညနဲ့အတူတူ သာယာတဲ့ အိမ်မက်လေး
တော့မက်ချင်မိတယ်..... မက်ခွင့်ရခဲ့မယ်ဆိုရင်လည်   ငါဟာအဲဒီအိမ်မက်ထဲက ဘယ်
တော့မှာ နိုးမထချင်တော့ဘူး.... ပူလောင်းလွန်းလှပါပြီ...ရင်ထဲမွန်းကြပ်နေတာကြာခဲ့ပြီ
မင်းကြောင့်ရတဲ့ ဒဏ်ရာတွေပျောက်လုဆဲဆဲ မင်းကြောင့်ပဲ အသစ်တစ်ဖန်ပြန်ရခဲ့ပါပြီး..

ဝေးကွာနေတဲ့ အခိုက် ငှက်ကလေးတွေတစာစာသီးကြူးရင်....လွမ်မောတမ်းတ
ကြသလို မင်းလဲငါကိုတန်းဖိုးထားချစ်တက်ရင်သိပ့်ကောင်းမှာပဲနော်...အခုတော့ဝေးလေ
ဝေးလေ ပါပဲ.မျက်မမြင်နားမကြားခဲ့ရင်ကောင်းမှာပဲ. မှုမမှန်တဲ့ ခြေလှမ်းတိုင်းမှာ သံသယ
အရိပ်တွေအထပ်ထပ် မပျက်မစီးရှိနေမှာပါ...။

လရဲ့အရိပ်က အေးချမ်းပင်မယ့် ငါရဲ့အရိပ်က မင်းအတွက်ပူလောင်းလွန်းတယ်ဆို
ရင် မင်းကျောခိုင်းထွက်ခွာသွားလိုက်ပါ..ဂမ်းနည်းခြင်းဆိုတာ အချိန်တစ်ခုပါ....

မြားကုန်ရင်  တိုင်ကွယ်ရစမြဲပါ........ဘယ်အရာမဆို တန်ဖိုးထားတက်ရင် ဂရုစိုက်

ပြီး တယုတယထားတက်ကြတယ်.. ဝေးနေတဲ့ အချိန်တိုင်းမှာ ပူလောင်းလွန်းလှတဲ့ ငါ့ရဲ့ ရင်ထဲကိုဂင်ကြည့်လိုက်ပါ.. ရိုးသားစွာ မင်းကိုချစ်တယ်.. စိုးရိမ်စိတ်နဲ့ တားမြစ်ခြင်းဟာ အချစ်ကြီးလို့ဖြစ်တယ် ဆိုရင် မင်းဘယ်လိုဖြေရှင်းမလဲ...?

တို့တွေ ဝေးသွားခဲ့ကြရင်ရော.....။

နေနိုင်။

